# လောင်းကစားဥပဒေ

## ( ၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ )

ပုဒ်မ ၂ ။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက် ရောက်စေရမည်-

(က) လောင်းကစားခြင်း ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင်ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုး အဖြစ်လွှဲပြောင်း သက်မှတ်ရန်သဘောတူပြီးဖြစ်သော ပစ္စည်း တစ်စုံတစ်ရာ အတွက် လည်းကောင်း၊ အကောက်အစားယူသည် ဖြစ်စေ မယူသည်ဖြစ်စေလောင်းကစားခြင်းကို ဆိုသည်။

(ခ) ပစ္စည်း ဆိုသည်မှာ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးနှင့် ယင်းတို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်ကိုဆိုသည်။

(ဂ) လောင်းကစားအိမ် ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်သည့်အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊အခန်း၊ ယာဉ်တစ်ခုခုကို ဆိုသည်။

(ဃ) လောင်းကစားကိရိယာ ဆိုသည်မှာ လောင်းကစားခြင်း ပြုလုပ်ရာ၌ အသုံးပြုသော ဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယား၊ကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာများ၊ လောင်းကစားခြင်း၌အသုံးပြုသော တိရစ္ဆာန်၊ ယာဉ်ကိုဆိုသည်။

(င) အများပြည်သူနှင့် ဆိုင်သောနေရာ ဆိုသည်မှာ မည်သူမဆို ဝင်ထွက်သွားလာနိုင်သော လမ်းသို့မဟုတ် နေရာကိုဆိုသည်။

(စ) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်အတွင်း မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး တာဝန်ဝတ္တရား များကို ဆောင်ရွက်နေသော ရဲအရာရှိကိုဆိုသည်။

## အခန်း ( ၂ )

## အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကိုဝရမ်းမပါဘဲ ဖမ်းဆီးခြင်း

ပုဒ်မ၃။(က)ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးသို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦးဦး

သည်အများပြည်သူနှင့်ဆိုင်သောနေရာတွင်အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကိုတွေ့ရှိလျှင် ထိုသူအားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းသူ၊

(၂)လောင်းကစားသူ၊ လောင်းကစားရန်အားပေးကူညီသူ သို့မဟုတ် တိရစ္ဆာန်ချင်းတိုက်သူ သို့မဟုတ် တိရစ္ဆာန်ချင်းတိုက်ရာတွင် ရောက်ရှိပြီးအားပေးကူညီသူ၊ လူစုသူ၊လှုံ့ဆော်သူ။

(၃) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲတစ်ခုခု၌မဆို လောင်းကစားသူ သို့မဟုတ် လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူ၊ လူစုသူ၊လှုံ့ဆော်သူ။

(ခ) ပုဒ်မခွဲ (က) အရ အရေးယူဆောင်ရွက်သော ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးသည်ဖမ်းဆီးသည့်နေရာတွင်ဖြစ်စေ၊ ဖမ်းဆီးခံရသူများ၏ ကိုယ်ပေါ်တွင်ဖြစ်စေ တွေ့ရှိသောလောင်းကစားကိရိယာများနှင့် ငွေကြေးအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းရမည်။

# အခန်း ( ၃ )

## လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း

ပုဒ်မ ၄။ ( က ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်းလောင်းကစားအိမ်တွင် လောင်းကစားနေကြောင်းယုံကြည်လောက်သောသတင်းရလျှင် သို့မဟုတ်ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

( ခ ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် သက်ဆိုင်ရာ မြို့နယ်အတွင်း ဒုတိယရဲအုပ် အဆင့်ထက်မနိမ့်သောရဲအရာရှိတစ်ဦးအားလည်းကောင်း၊ မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးပါဝင်သော အဖွဲ့ဝင်အားလည်းကောင်း ဝရမ်းထုတ် ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

(ဂ) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၄င်းအားတိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိတစ်ဦးသည် သက်ဆိုင်ရာ မြို့နယ်အတွင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သောရဲအရာရှိတစ်ဦးဦးအား လည်းကောင်း၊ မှုခင်းတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ရဲမှူး (မှုခင်း) သို့မဟုတ် မှုခင်းတပ်ဖွဲ့မှူးတာဝန်ကို ထမ်းဆောင်နေသော ရဲအရာရှိသည် ပြည်သူ့ရဲမှုခင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သောရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ပြည်သူ့ရဲသတင်းတပ်ဖွဲ့မှတပ်ဖွဲ့မှူး သို့မဟုတ်ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် သတင်းတပ်ဖွဲ့မှူးတာဝန်ကို ထမ်းဆောင်နေသော ရဲအရာရှိ သို့မဟုတ်

ရန်ကုန်တိုင်းအတွင်း သတင်းတပ်ဖွဲ့နယ်မြေ တာဝန်ခံများအားတိုက်ရိုက် ကွပ်ကဲတာဝန်ခံရသူ ရဲမှူး ( ပြည်တွင်းရေးရာ ဌာနခွဲ ) သို့မဟုတ် ဒုတိယရဲမှူးကြီး (အထက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့ခွဲ၊ မန္တလေး ) သို့မဟုတ် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် သတင်းတပ်ဖွဲ့ တာဝန်ခံ အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသောဒုတိယရဲမှူးသည် ပြည်သူ့ရဲ သတင်းတပ်ဖွဲ့မှဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သောရဲအရာရှိ တစ်ဦးဦးအားလည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ဝင်ရောက်ရှာဖွေ ဖမ်းဆီးစေနိုင်သည်။

ပုဒ်မ ၅။ ( က )ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဉက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည်သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုအတွင်းလောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သောသတင်းရလျှင်သို့မဟုတ်ယုံကြည်ရန်အခြား လုံလောက်သော အကြောင်းအချက်များရှိလျှင်ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

( ခ ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဉက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သည်သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်းဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိ တစ်ဦးဦးအားလည်းကောင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးပါဝင်သော အဖွဲ့အားလည်းကောင်း၊ ဝရမ်းထုတ်ပေး၍ လောင်းကစား အိမ်သို့ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

ပုဒ်မ ၆။ (က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူ သို့မဟုတ် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်း ခံရသူသည် အောက်ပါတို့ကို ဆောင်ရွက် နိုင်သည် -

(၁)ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူဖြစ်ပါကနှစ်ဆယ့်လေးနာရီအတွင်းဖြစ်စေ၊ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်း ခံရသူဖြစ်ပါက ဝရမ်းထုတ်ပေးသောနေ့မှ တစ်ဆယ့်လေးရက်အတွင်းဖြစ်စေ လိုအပ်သည့်အကူအညီများနှင့် နေ့ညဥ့်အချိန်မရွေး လောင်းကစားအိမ်သို့ လိုအပ်လျှင် မည်သည့်နည်းဖြင့်မဆို ဝင်ရောက်နိုင်ခွင့်၊

(၂)လောင်းကစားအိမ်တွင်လောင်းကစားနေသူများ၊ ရောက်ရှိနေသူများနှင့် အားပေးကူညီ သူများအား ဖမ်းဆီးနိုင်ခွင့်၊

(၃) လောင်းကစားအိမ်တွင် တွေ့ရှိသော လောင်းကစားကိရိယာနှင့် လောင်းကစားရာ၌ အသုံးပြု သော သို့မဟုတ် အသုံးပြုမည်ဟု ယုံကြည်ရန်ရှိသော ငွေကြေးနှင့် ပစ္စည်းကို သိမ်းဆည်းနိုင်ခွင့်၊

(၄) လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို လျှို့ဝှက်ထားကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါအိမ် နေရာအနှံ့အပြားနှင့်ဖမ်းဆီးထားသူများ၏ကိုယ်တွင် ရှာဖွေ၍ တွေ့ရှိသမျှသော လောင်းကစားကိရိယာအားလုံးကို သိမ်းဆည်းနိုင်ခွင့်၊

( ခ ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရာဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သော အကြောင်းအချက်များကို ရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လိုအပ် ဖော်ပြရေးသားရမည်။

(၂) ရှာဖွေသည့်အခါတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်၊

(၃) လောင်းကစားအိမ်သို့ဝင်ရောက်ရှာဖွေဖမ်းဆီးသူသည် ဖမ်းဆီးရမိသူများ၊ သိမ်းဆည်းရရှိသည့် ပစ္စည်းများကို ရဲစခန်းသို့လွှဲအပ်ရမည်။

(၄) ဆောင်ရွက်သူသည် မည်သူ့ကိုမျှ ဖမ်းဆီးရမိခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း ( ၄ )

## တားမြစ်ချက်များ

ပုဒ်မ ၇။ မည်သူမျှ အများပြည်သူနှင့်ဆိုင်သော နေရာတွင် -

( က ) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံ စုဆောင်းခြင်းမပြုရ၊

( ခ ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း သို့မဟုတ် တိရစ္ဆာန်ချင်းတိုက်ခြင်း၊ တိရစ္ဆာန်ချင်းတိုက်ရာတွင် ရောက်ရှိပြီး အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ၊

( ဂ ) မည်သည့် အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲ၌မဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့်အားပေးကူညီခြင်း၊လူစုခြင်း၊လှုံ့ဆော်ခြင်းမပြုရ။

ပုဒ်မ ၈။ မည်သူမျှ လောင်းကစားအိမ်တွင် -

( က ) လောင်းကစားခြင်း မပြုရ၊

( ခ ) ရောက်ရှိနေခြင်း မရှိစေရ၊

ပုဒ်မ ၉။ မည်သူမျှ -

( က ) လောင်းကစားအိမ်ဖွင့်လှစ်ခြင်း သို့မဟုတ် တည်ထောင်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း မပြုရ၊

( ခ ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ်ဖွင့်လှစ်ရန် သို့မဟုတ် တည်ထောင်ရန် သို့မဟုတ်အသုံးပြုရန်ခွင့်မပြုရ။

ပုဒ်မ ၁၀။ မည်သူမျှ -

( က ) ခွင့်ပြုချက်မရှိဘဲ ထီ သို့မဟုတ် ထီကဲ့သို့ အခြားကံစမ်းကစားနည်း တစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ် လည်းကောင်း၊ လောင်းကြေးလက်ခံသူအဖြစ် လည်းကောင်း၊ ဒိုင်အဖြစ် လည်းကောင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ ကစားနည်းတစ်မျိုးမျိုးကို အကြောင်းပြု၍ ငွေကြေးအကျိုးအမြတ် ရယူခြင်းမပြုရ၊

(ဂ)ပုဒ်မခွဲ(က)ပါကစားနည်းတစ်မျိုးမျိုးတွင်ပါဝင်လောင်းကစားခြင်းမပြုရ။

ပုဒ်မ ၁၁။ မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်း မပြုရ။

## အခန်း ( ၅ )

## ပြစ်ဒဏ်များ

ပုဒ်မ ၁၂။ မည်သူမဆို -

( က ) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လ အထိသို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် ကျပ် ၅၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁နှစ်အထိသို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် ကျပ် ၁၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

ပုဒ်မ ၁၃။ မည်သူမဆို -

( က ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများ ဆုံး ထောင်ဒဏ် ၁ နှစ် အထိသို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၁၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပုဒ်မ ၁၄။ မည်သူမဆို -

( က ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိသို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သောသက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သောသက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပုဒ်မ ၁၅။ မည်သူမဆို -

( က ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှအများဆုံး ထောင်ဒဏ် ၃ နှစ်အထိ သို့မဟုတ် ထို ထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင်ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှအများဆုံး ထောင်ဒဏ် ၅ နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင်ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

ပုဒ်မ ၁၆။ မည်သူမဆို -

( က ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိသို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၁၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သောသက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပုဒ်မ ၁၇။ မည်သူမဆို -

( က ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ သို့မဟုတ်ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်

ငွေဒဏ် အနည်းဆုံး ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော ငွေကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

## အခန်း ( ၆ )

## အထွေထွေ

ပုဒ်မ ၁၈။ လောင်းကစားအိမ်၌ လည်းကောင်း၊ ထိုအိမ်၌ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း၊ လောင်းကစား ကိရိယာတစ်ခုခုကို တွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင်စေကာမူ လောင်းကစားအိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေကြခြင်း မဟုတ်ကြောင်း ထိုအိမ်၌ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍ လည်းကောင်း၊ ထိုသူများသည် လောင်းကစား ရန်ရောက်ရှိနေကြသူများဖြစ်သည်ဟူ၍လည်းကောင်းမှတ်ယူရမည်။

ပုဒ်မ ၁၉။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရသူကို စစ်ဆေးသော တရားစီရင်ရေးအဖွဲ့သည် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံရသူ မည်သူ့ကိုမဆိုလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလိုသက်သေအဖြစ် သက်သေခံချက် ပေးစေရမည်။ သက်သေခံချက်ပေးသူသည် မှန်ကန်သည့်အတိုင်း ထုတ်ဖော်ထွက်ဆိုလျှင်ထိုသူအားပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုရမည်။

ပုဒ်မ ၂၀။ အမှုစစ်ဆေးစီရင်သည့် တရားစီရင်ရေးအဖွဲ့သည် ဤဥပဒေအရချမှတ်သည့် ငွေဒဏ်မှဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့်ငွေမှဖြစ်စေ၊ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတသည့် ပစ္စည်းများ ရောင်းရငွေမှဖြစ်စေ သတင်းပေးသူအား ဆုငွေအဖြစ် အနည်းဆုံးငွေကျပ် ၅၀၀ ချီးမြှင့်ရန်အမိန့်ချမှတ်နိုင်သည်။ ထို့အပြင် ဖမ်းဆီးရာတွင် ပါဝင်သူတို့အားလည်း သင့်လျော်သလို ဆုငွေချီးမြှင့်ရန်အမိန့်ချမှတ်နိုင်သည်။

ပုဒ်မ ၂၁။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွင်း တစ်ဦးတစ်ယောက် သောသူသည် လောင်းကစားမှု ဖြင့်လည်းကောင်း၊လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်းသို့မဟုတ်ကူညီခြင်းဖြင့်လည်းကောင်း၊အသက်မွေးဝမ်းကျောင်းပြုနေကြောင်း သတင်းရရှိလျှင် ထိုသူအားပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရအရေးယူနိုင်သည်။

ပုဒ်မ ၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် -

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ)လိုအပ်သောအမိန့်၊ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

ပုဒ်မ ၂၃။ **Gambling Act, 1899** - ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။